Health Centre)၊ HIV ဆိုင်ရာ အထူးလေ့လာထားသူ (HIV s100 prescribers) ရှိသော ဆေးခန်းများနှင့် အထွေထွေရောဂါကု ဆရာဝန်များ (GPs) ထံတွင်လည်း  ကုသခံနိုင်ပါသည်။ သင့်နေထိုင်ရာအရပ်တွင် (HIV s100 prescribers) ကို ရှာဖွေရန် SAMESH Peer Navigator နှင့် ဆွေးနွေးပါ သို့မဟုတ် www.ashm.org.au/HIV/HIV-prescribers သို့ သွားပါ။

### အချက်အလက်များပိုမိုသိရှိရန်

Adelaide Sexual Health Centre

www.sahealth.sa.gov.au/adelaidesexualhealthcentre>

### မယ်ဒီကဲလ် (Medicare) မရှိသူများအတွက် HIV ကုသမှု ရရန်

https://ashm.org.au/initiatives/access-to-hiv-treatment-for-people-without-medicare/

မယ်ဒီကဲလ်မရနိုင်သော အကြောင်းအရာများကို NAPWHA ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပါသည်။

https://napwha.org.au/?s=medicare

### Reciprocal Health Care Agreements

www.servicesaustralia.gov.au/individuals/services/medicare/reciprocal-health-care-agreements

### ကိုယ်ပိုင်ဆေးတင်သွင်းမှုအစီအစဉ်

www.tga.gov.au/personal-importation-scheme

ဤအကြောင်းအရာကို Queensland Positive People’s Peer Navigation Program မှ ခွင့်ပြုချက်ဖြင့် ဆီလျော်အောင် ပြုပြင်ထားပါသည်။ ပြန်လည်ဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုတို့ကို Living Positive Victoria’s Health Promotion Program မှ ခွင့်ပြုချက်ဖြင့် မျှဝေထားသည်။

SAMESH
A PARTNERSHIP BETWEEN SHINE SA & THORNE HARBOUR HEALTH

thorne harbour health

SA Health သည် ဤအစီအစဉ်အတွက် ရန်ပုံငွေများ ပံ့ပိုးပေးထားသည်



# အချက်အလက်များ

# MEDICARE မရှိသည့်အခါ HIV ကုသမှု

Burmese | ဗမာ

## MEDICARE ဆိုသည်မှာ အဘယ်နည်း။

Medicare ဆိုသည်မှာ ဩစတြေးလျနိုင်ငံ၏ ပြည်သူ့ကျန်းမာရေး စနစ်တစ်ခု ဖြစ်သည်။ ၎င်းက HIV ဝန်ဆောင်မှုများနှင့် ဆေးဝါးများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုအများစုကို အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ပံ့ပိုးပေးသည်။

## MEDICARE မည်သူ ရရှိနိုင်သနည်း။

ဩစတြေးလျနိုင်ငံသားများ၊ အမြဲနေထိုင်သော ဩစတြေးလျသားများ (သို့မဟုတ် အချို့အနေအထားများတွင် အမြဲနေထိုင်ခွင့် ဗီဇာ လျှောက်ထားသူများ)၊ ဩစတြေးလျ၌ နေထိုင်သည့် နယူးဇီလန်နိုင်ငံသားများနှင့် ဩစတြေးလျနှင့် Reciprocal Healthcare Agreement (အပြန်အလှန် ကျန်းမာရေးစောင့်ရှောက်မှုသဘောတူညီချက်)ရှိသော နိုင်ငံမှ လူများ Medicare ရရှိနိုင်ပါသည်။

(ဩစတြေးလျတွင် အလုပ်လုပ်နေသော၊ ပညာဆည်းပူးနေသော သို့မဟုတ် အားလပ်ရက်ခရီးသွားနေသော) နိုင်ငံခြားခရီးသည်များသည် အများအားဖြင့် Medicare မရရှိနိုင်ပါ။ သင့်အနေဖြင့် Medicare မရရှိနိုင်လျှင် HIV ကုသမှုနှင့် စောင့်ရှောက်မှုရရှိနိုင်သည့် အခြားနည်းလမ်းများ ရှိပါသည်။

## Reciprocal Healthcare Agreement ဆိုသည်မှာ အဘယ်နည်း။

Reciprocal Healthcare Agreement သည် အခြားနိုင်ငံအနည်းငယ်မှ နိုင်ငံသားများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု ကုန်ကျစရိတ်များကို ပံ့ပိုးပေးပါသည်။ သင်သည် Reciprocal Healthcare Agreement ရှိသည့် နိုင်ငံတစ်နိုင်ငံမှ ဖြစ်ပါက Medicare သည် HIV ကုသမှုနှင့် စောင့်ရှောက်မှုအတွက် ပံ့ပိုးပါသည်။ ၎င်းတွင် ဗီဇာအမျိုးအစားအားလုံးကိုင်ဆောင်သူများ အကျုံးမဝင်ပါ။ Reciprocal Healthcare Agreement များနှင့် ပတ်သက်၍ အချက်အလက်များ သိရှိလိုပါက အဆုံး၌ပါရှိသော အချက်အလက်များ ပိုမိုသိရှိရန်(အတွက်) QR ကုတ်သို့ သွားရောက်ပါ။

## ကျွန်ုပ်သည် MEDICARE ရရှိရန် အရည်အချင်းမပြည့်မီပါက HIV ကုသမှုနှင့် ဝန်ဆောင်မှုများကို မည်သို့ရရှိနိုင်သနည်း။

သင့်ကျန်းမာရေးကို စောင့်ကြည့်ပြီး ဆေးဝါးများ ညွှန်ကြားပေးရန် HIV ဆရာဝန်နှင့် ပုံမှန်ပြသရန် လိုအပ်သည်။ Medicare မရှိလျှင် HIV ကုသမှုများမှာ အလွန်ဈေးကြီးပြီး လူအများအပြား ကုန်ကျစရိတ်အပြည့်အဝ ပေးချေရန် မတတ်နိုင်ကြပါ။ သင်စစ်ဆေးရန် လိုအပ်သည့် သွေးစစ်ဆေးမှု အချို့ မှာလည်း အလွန်ဈေးကြီးပါသည်။

ကုသမှုနှင့် စောင့်ရှောက်မှုကို ဈေးသက်သက်သာသာဖြင့်ရရှိရန် ကြိုးစားကြည့်နိုင်သည့် အခြားနည်းလမ်းအချို့ ရှိပါသည်။

### ဖက်ဒရယ်ငွေကြေးထောက်ပံ့မှု သဘောတူညီချက်

Federation Funding Agreement (ဖက်ဒရယ်ငွေကြေးထောက်ပံ့မှု သဘောတူညီချက်-FFA) မှ Medicare မရှိသည့် HIV ရှိသူများအတွက် HIV ကုသမှုကို အခမဲ့ သို့မဟုတ် တန်ဖိုးသင့်ဈေးနှုန်းဖြင့် ရရှိရန် ထောက်ပံ့ပေးပါသည်။ HIV ကုသမှုများကို အစိုးရမှငွေကြေးထောက်ပံ့ထားသည့် ဆေးရုံ ဆေးဆိုင်များ သို့မဟုတ် အခြားနေရာများမှတစ်ဆင့် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်အနည်းငယ်ဖြင့် ရရှိနိုင်သည်။ ထပ်လောင်းအချက်အလက်များအတွက် အောက်တွင် ကြည့်ပါ သို့မဟုတ် အကူအညီပေးသူ (Peer Navigator) နှင့် ဆွေးနွေးပါ။

### လိင်ကျန်းမာရေး စင်တာများ

ဤစာရေးသားချိန်တွင် လိင်ကျန်းမာရေး ဌာနများ (Sexual Health Centres) မှ ဗစ်တိုးရီးယားပြည်နယ်တွင် နေထိုင်သည့် Medicare မရှိသော လူနာအချို့ကို စောင့်ရှောက်မှုနှင့် ကုသမှု အခမဲ့ပံ့ပိုးပေးပါသည်။ သို့သော် ဤလူနာများသည် ဆေးဝါးအမျိုးအစား အစုံအလင်ကို ရရှိမည်မဟုတ်ပါ။

### HIV ဆေးဝါးများကို သင်၏မိခင်နိုင်ငံမှ တင်သွင်းခြင်း (ကိုယ်တိုင်တင်သွင်းခြင်း အစီအစဉ်)

ဩစတြေးလျနိုင်ငံ၏ ကိုယ်တိုင်တင်သွင်းခြင်း အစီအစဉ်အရ သင်၏ HIV ဆေးဝါးများကို သင်၏မိခင်နိုင်ငံမှ ပေးပို့နိုင်သည်။ သင်၏ဆေးဝါးများကို သင်၏မိခင်နိုင်ငံရှိ ဆေးရောင်းသူ၊ မိသားစုဝင် သို့မဟုတ် သူငယ်ချင်းတစ်ဦးမှ ပေးပို့နိုင်သည်။ တစ်ကြိမ်လျှင် သုံးလစာသာ တင်ပို့နိုင်ပါသည်။ ယင်းမှာ အွန်လိုင်းမှ အလားတူဆေးဝါးဝယ်ယူခြင်းထက် ဈေးသက်သာနိုင်ပါသည်။ သင့်ကျန်းမာရေးကို စစ်ဆေးရန် ဩစတြေးလျလူမျိုး HIV ဆရာဝန်တစ်ဦးနှင့် ပြသရန် လိုအပ်ပါမည်။ ယင်းအတွက် ငွေပေးချေရမည်ဖြစ်သည်။

### အလားတူဆေးဝါးများ တင်သွင်းခြင်း

အလားတူ HIV ကုထုံးကို အွန်လိုင်းဆေးဆိုင်များမှ ဝယ်ယူနိုင်သည်။ ယင်းမှာ ဆေးဝါးအမှတ်တံဆိပ်များကို ဩစတြေးလျ ဆေးဆိုင်များမှ ဝယ်ယူခြင်းထက် ပို၍ဈေးသက်သာပါသည်။ ယင်းကို အပေါ်မှာ ဖော်ပြထားသည့် ကိုယ်တိုင်တင်သွင်းခြင်း အစီအစဉ်ကို အသုံးပြု၍ တင်သွင်းနိုင်သည်။ ဩစတြေးလျလူမျိုး HIV ဆရာဝန်တစ်ဦးမှ ဆေးညွှန်းရရှိရန် လိုအပ်ပါသည်။ တစ်ကြိမ်လျှင် သုံးလစာဖို့သာ ဝယ်ယူနိုင်ပါသည်။ ဆေးဝါးအားလုံးကို သာမန်ပုံစံ (generic form) ဖြင့်မရရှိနိုင်ပါ။ သင့်ကျန်းမာရေးကို စောင့်ကြည့်ရန် ဩစတြေးလျလူမျိုး HIV ဆရာဝန်တစ်ဦးနှင့် ပြသရန် လိုအပ်ပါမည်။ ယင်းအတွက် ငွေပေးချေရမည်ဖြစ်သည်။

ဆေးဝါးများကို ယုံကြည်စိတ်ချရသည့် ဝက်ဘ်ဆိုက်များမှ ဝယ်ယူရန် အရေးကြီးပါသည်။ World Health Organization (WHO) မှ ဘေးကင်းပြီး စိတ်ချရသော HIV ဆေးဝါးများကို အတည်ပြုပေးပါသည်။ WHO အတည်ပြု အလားတူဆေးဝါးများကို ဝယ်ယူသည့်အခါ အစွမ်းထက်သော ကုသမှုများကို ရရှိရန် မျှော်မှန်းနိုင်သည်။

ယုံကြည်စိတ်ချရသော အွန်လိုင်းဝက်ဘ်ဆိုက်လင့်ခ်များအတွက် အဆုံး၌ပါရှိသော အချက်အလက်များ QR ကုတ်သို့ သွားရောက်ပါ။

### HIV ကုသမှုကို ပံ့ပိုးပေးသည့် ဆေးခန်းစမ်းသပ်ချက်တစ်ခုတွင် ပါဝင်ခြင်း

တစ်ခါတစ်ရံတွင် Medicare မရရှိနိုင်သည့် HIV ရှိသူများသည် ဆေးခန်းစမ်းသပ်မှုအစီအစဉ်တွင် ပါဝင်ခြင်းဖြင့် ကုသမှုနှင့် စောင့်ရှောက်မှုကို ရရှိနိုင်သည်။

### နိုင်ငံခြားကျန်းမာရေး အာမခံ

သင့်တွင် ဩစတြေးလျတွင် ပညာသင်ကြားရန် နိုင်ငံတကာ ကျောင်းသားများ ရှိရန် လိုအပ်သည့် နိုင်ငံခြားခရီးသည် ကျန်းမာရေး အာမခံရှိလျှင် ယင်းသည် HIV ဝန်ဆောင်မှုများနှင့် ကုသမှုအတွက် အကျုံးဝင်နိုင်သည်။ HIV နှင့်ပတ်သတ်သော ကျန်းမာရေးအာမခံမှု ကို မပံ့ပိုးပေးနိုင်သည့်အတွက် သင့်အနေဖြင့် စစ်ဆေးရန် လိုအပ်သည်။

### HIV ဆေးခန်းတစ်ခု ရှာရမည့်နေရာ

HIV ကုသမှုကို South Australia ရှိ ဆေးရုံအခြေပြု အခြေစိုက် ဆေးခန်းများတွင် သင် ရရှိနိုင်ပြီး၊ ထိုဆေးခန်းများသည် တော်ဝင် အယ်ဒယ်လေးဆေးရုံ (Royal Adelaide Hospital) နှင့် ဖလင်းဒါးဆေးကုသရေးဌာန (Flinders Medical Centre)တို့တွင် ရှိပါသည်။ အယ်ဒယ်လေး လိင်ကျန်းမာရေးဌာန (Adelaide Sexual